mgyoe.com

ဒေါင်နှင်းသစ်

# အိမ်ပြန်ညလမ်း

ကဗျာရှည်စုစည်းမှု



mgyoe.com

mgyoe.com



အောင်နှင်းသစ်

# အိမ်ပြန်ညလမ်း

ကဗျာရှည်စုစည်းမှု

ဒါကအခုလမ်းတစ်ဖက်မှာပါပဲ
ရေဒီယိုဖွင့်နားထောင်တယ်
စာအုပ်ဟောင်းတွေရှာဖတ်တယ်
အလကားပဲ
ဘာတစ်ခုမှခေါင်းထဲမရောက်ခဲ့ဘူး
ဪ. . . ငါ့သွားကြောပေါ်
တရှူးရှူးမင်းနာမည်။

mgyoe.com

POEM0050
1,500.00 KS

mgyoe.com

အိပ်ပြန်ညလမ်း ကဗျာရှည်စုစည်းမှု၊ အောင်နှင်းသစ်
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - နိုင်ခွန်အား
စာမျက်နှာ ၆၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အိမ်ပြန်ညလမ်း

ကဗျာရှည်စုစည်းမှု

အောင်နှင်းသစ်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ☐ | စကားအနည်းငယ် | က |
| ၁။ | ပြတ်ကျနေတဲ့ ဝိုင်ယာကြိုး | ၁ |
| ၂။ | ပူနွေးတဲ့ဟင်းတစ်ခွက် | ၉ |
| ၃။ | ပြီးခဲ့တဲ့နှစ်အကြောင်း ဖော်ပြချက် | ၁၅ |
| ၄။ | ဆက်သွယ်မှုဧရိယာရဲ့ အပြင်ဘက်မှာ | ၂၃ |
| ၅။ | တိတ်ဆိတ်မှု | ၃၁ |
| ၆။ | သူငယ်ချင်းဆံရှည် | ၄၅ |
| ၇။ | အိမ်ပြန်ညလမ်း | ၅၁ |
| ၈။ | အခု ဘယ်လိုလဲ | ၅၉ |


■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



## စကားအနည်းငယ်

ကျွန်တော်ဟာ တစ်ခုခုကို ရည်ညွှန်းခဲ့ပါတယ်။
ကျွန်တော်ရည်ညွှန်းခဲ့တဲ့ တစ်ခုခုဟာ ကျွန်တော်ကိုယ်တိုင်
ပြန်ဖြစ်ခဲ့သလို

ကျွန်တော်ကိုယ်တိုင် ပြန်ဖြစ်ခဲ့ခြင်းဟာလည်း
ခင်ဗျားတို့တတွေဖြစ်ခဲ့လို့ နေပြန်ပါတယ်။

တစ်ခုခု၊ ကျွန်တော်၊ ခင်ဗျားတို့တတွေဟာ
မှောင်မိုက်နေတဲ့ လမ်းမများ။ ကျယ်လောင်စွာ
အော်မြည်နေတဲ့ နာကျင်မှု။ မီးအမြိုပျက်နေတဲ့ နေ့ရက်များ။


လေးစားစွာ
အောင်နှင်းသစ်
၂၀၁၉၊ ဇန်နဝါရီ။

■

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# ပြတ်ကျနေတဲ့ ဝိုင်ယာကြိုး

(၁)

ယိုင်နဲ့ ဇရပ်အိုကြီးပေါ်က ညတွေ
လေတဖြူးဖြူး တောင်သမန် ညတွေ
ငါတို့ အော်ကျယ် အော်ကျယ်
ငါတို့ မူးခဲ့ တောမ ညတွေ
မင်းက
ငါတို့ခွက်တွေထဲ ဝီစကီတွေ လောင်းထည့်လို့
မင်းဖောက်ခဲ့တဲ့ ပြောက်လိပ်တွေလို
ငါတို့ တရုန်းရုန်း
တဝုန်းဝုန်း ပေါက်ကွဲလို့
ငါတို့ လေးလေးနက်နက်
တဝေါဝေါ အသံမြည်လို့။

mgyoe.com

မိုးတွေကရွာ
ဓာတ်ငွေ့အိုးပေါ်မှာ
ငါတို့အသက်တွေကို တင်ပြီး
ဆက်ခဲ့ရတဲ့ ခရီး
ခရီးက မပြီးသေး
လေးဘီးကားစုတ်နဲ့ ငါတို့ လူအုပ်
ဘယ်လိုမှ အလုပ်မဖြစ်ခဲ့တဲ့ နောက်ဆုံး
မြက်ရိုင်းတော အလယ်က ရတနာပုံလမ်းကို
ငါတို့ ခြေကျင်လျှောက်ခဲ့ကြ။

နီဝင်ဘာည
မင်းရော ငါတို့ရော
မိုးစက် တဖျောက်ဖျောက်ကြားကနေ
ခရီးကို ရှေ့ဆက်ခဲ့။

နီဝင်ဘာည
ငါတို့အရေပြားတွေကို ကုတ်ခြစ်နေတဲ့
ဆောင်းလေအေးအေး
ငါတို့ကို လာဖဲ့နေတဲ့ သူစိမ်းတွေကို
ငါတို့ ရင်ကော့ပြီး ရင်ဆိုင်ခဲ့ပေါ့
နီဝင်ဘာည။

mgyoe.com

(၂)

နှစ်တွေ ကြာခဲ့တယ်
နောက် မင်းဆံပင်တွေ ရှည်လာခဲ့တယ်
နောက် မင်းအတွေးအခေါ်တွေ
ရဲဝင့် ပြောင်လက်လာခဲ့တယ်
ဆံပင်တွေရှည်လာတဲ့ မင်းကို
ငါတို့က ကိုဆံရှည်လို့ ခေါ်ခဲ့ကြတယ်။

ငါတို့ဟာ
လောကကို ချစ်ခဲ့ကြတယ်
ဒါပေမဲ့
မင်းက
ငါတို့ချစ်တာထက် ပိုခဲ့တယ်။

ကြာခဲ့တဲ့ နှစ်တွေထဲမှာ
အချိန်တွေက
ငါတို့ကို တတိတိနဲ့ ကိုက်ဖြတ်ခဲ့ပေါ့။

mgyoe.com

ရှင်သန်ခြင်းကို နှောင့်ယှက်နေတဲ့
အငွေ့အသက်တွေကိုလည်း
ငါတို့ ရင်ဆိုင်ရှုရှိုက်ခဲ့ရပေါ့။

မင်းလည်း နှစ်တွေထဲမှာ
တွန်းထိုးခံခဲ့ရမှုတွေနဲ့
ငွေကုန်ကြေးကျမှုတွေနဲ့
နေရောင်ခြည် ဝဝလင်လင် မရခဲ့တဲ့နေ့တွေနဲ့
စိတ်မှာ
နှလုံးသားမှာ
ဒဏ်ရာတွေနဲ့
ပြေးလွှားရှင်သန် အမောတွေနဲ့။

mgyoe.com

mgyoe.com

(၃)

အခုတော့
ဒီကဗျာမှာ မသုံးချင်တဲ့ "အခုတော့" ကို
သုံးလိုက်ရပြီ။

အခုတော့
မင်းက
ငါတို့နဲ့ဝေးတဲ့ ကမ္ဘာ့တစ်နေရာမှာ
ဘဝရဲ့ကားကို
ယုံကြည်ချက် လမ်းမပေါ်မှာ
ဆက်လက်မောင်းနှင်လို့။

mgyoe.com

အခုတော့
ငါတို့က
ဘယ်သူက ဘာမှန်း
ဘာက ဘယ်သူမှန်း ခွဲမရတဲ့
နေ့တွေထဲမှာ။

အခုတော့
ငါတို့က
ခါးလို့ ခါးမှန်းမသိ
ဒုက္ခကို ဒုက္ခလို့ မသိတော့တဲ့
လူတွေကြားမှာ။

mgyoe.com

အခုတော့
ငါတို့က
နွမ်းပါးလေပြည်ညင်းနဲ့
ခေတ်ကြီးထဲမှာ။

အခုတော့
မဆုံးသေးတဲ့ ငါ့ရဲ့ကဗျာကို
"သတိရတယ် သူငယ်ချင်း" လို့ ရေးခဲ့တဲ့
ငါတို့မိတ်ဆွေ ကဗျာဆရာရဲ့ ခေါင်းစဉ်နဲ့
ခဏရပ်လိုက်ပါရဲ့
"သတိရတယ် သူငယ်ချင်း"။

*မုခမင်္ဂလာဖင်း၊ မတ်၊ ၂၀၁၈။*

mgyoe.com

# ပူဇွေးတဲ့ဟင်းတစ်ခွက်

၁။ ဘဝဆိုတာ
ဘဝဆိုတာ
လက်ရမ်းမရှိတဲ့ တံတားကျဉ်းကျဉ်းကို
ဖြတ်ကူးရတာ
ဘဝဆိုတာ
လူရှင်တော်တွေထက်
ပိုရယ်မောရတဲ့ လူတွေရှိတဲ့နေရာ။
ဘဝဆိုတာ
မြို့တကာ လျှောက်သွားနေတဲ့ အရှုံးကြီးပါကွာ။
ဘဝဆိုတာ
ဒေါင်းဖဲဆွဲနေချိန်မှာ
လောင်ဖဲ နှစ်ချပ် ဆွဲတက်လာတာ။
ဘဝဆိုတာ
ခလုတ်တွေ ပွန်းတီးဆွေးမြည့်နေတဲ့
ကက်ဆက်အိုကြီးတစ်လုံးပေါ့ကွာ။
ဘဝဆိုတာ
ပို့စကတ် နောက်ကျောဘက်မှာ ရေးထားတဲ့
စာသားတွေလည်း ဖြစ်နိုင်ပါသေးရဲ့။

mgyoe.com


mgyoe.com

၂။ ညတုန်းက
မလုံတဲ့
သက်ငယ်မိုး အပေါက်ကလေးကနေ
ဆန်းစလကို မြင်ရတယ်
အဖြူစက်လေးတစ်စက်အဖြစ်။

၃။ သေနေတဲ့ ညနေခင်း
ချိန်းထားတဲ့ အဖြစ်အပျက်တွေမရှိ
ငေါင်နေသူ ငါ သီချင်းလည်း ဆိုစရာမရှိ။

၄။ တည်ဆောက်ခြင်း
မှောင်နေတဲ့ အခန်း
လွတ်ကျသွားတဲ့ စိတ်
တို့နှစ်ဦး။

mgyoe.com

၅။ ဟာသတွေနဲ့ လောကမှာ
ငါ ရယ်နေမိ
ငါ ခွက်ထိုးခွက်လန် ရယ်နေမိ
ငါ ရယ်နေမိ
ငါ ခွက်ထိုးခွက်လန် ရယ်နေမိ။

၆။ ရမ္မက်
မိုးပေါ်ကို မော့ကြည့်တော့
ရွာချတော့မယ့် မိုးသားတွေ
ငါ အမိုးအကာ မယူဘဲ
လမ်းမပေါ် ပြေးထွက်ခဲ့ပေါ့။

mgyoe.com

mgyoe.com

၇။ နှုတ်တစ်ရာ စာတစ်လုံး
လွမ်းဆွတ်သတိရခြင်းကို
ဖုန်းဆက်ပြီး မပြောချင်ဘူး
စကားတွေ လေထဲ ပျောက်ကွယ်သွားမှာမို့။
လွမ်းဆွတ်သတိရခြင်းကို
စာရွက်ပေါ်မှာ စာလုံးလေးတွေ ချရေးပြီး
မင်းဆီ ပို့လိုက်ပါရဲ့။
ငါ့ လွမ်းဆွတ်သတိရခြင်းကို
မင်း ထုတ်ထုတ်ဖတ်ပြီး
သတိရနေအောင်လေ။

၈။ အထီးကျန်
ဟိုးမှာ... ကြည့်စမ်းပ
လယ်ကွင်းတွေ အလယ်မှာ သစ်တစ်ပင်
အရွက်တွေကြွေနေပုံ။

mgyoe.com

mgyoe.com

၉။ အဘိုးအိုနဲ့ စားပွဲထိုးလေး
အဘိုးအိုဟာ
တောင်ဝှေးကို စားပွဲမှာ ကပ်ထောင်ပြီး
လက်ဖက်ရည်ပူပူကို မှုတ်သောက်ရင်း
လမ်းမကို ငေးကြည့်နေတယ်။
စားပွဲထိုးလေးဟာ
ရေနွေးလျှော့သွားတဲ့ ဓာတ်ဘူးတွေထဲကို
ရေနွေးလိုက်ဖြည့်ရင်း
လမ်းမကို ငေးငေးကြည့်နေတယ်။

၁၀။ မြို့ပြဝတ္ထု-၃
လူတစ်ယောက်နဲ့တစ်ယောက်ဟာ
သွားရင်းလာရင်း
အတောမသတ် ခွဲခွာရတယ်။ ။

*၂၀၀၇-၂၀၀၉၊*
*စံပယ်ဖြူမဂ္ဂဇင်း၊ မတ်၊ ၂၀၁၁။*

mgyoe.com

mgyoe.com

# ပြီးခဲ့တဲ့နှစ်အကြောင်း ဖော်ပြချက်

သူဟာ
အရပ် ၅ ပေကျော်
အသက် ၄၀ ကျော်
အိမ်ထောင်မပြုရသေးတဲ့
ယောက်ျားတစ်ယောက်ပေါ့။

သူဟာ
မြန်မာပြည် မြောက်ပိုင်းက
မြို့တစ်မြို့မှာ မွေးခဲ့ပြီး
ခုချိန်ထိ အဲဒီမြို့ ပြန်မရောက်ဖြစ်ခဲ့သူပေါ့။

သူ့ဘယ်ဘက်လက်က ထွက်လာတဲ့ လက်ရေးဟာ
သူ့ ယုံကြည်မှုတွေပဲတဲ့
သူဟာ ဖန်သားပြင်ပေါ်က ဘောလုံးပွဲတွေကို
အိပ်ပျက်ခံ သဲကြီးမဲကြီး ကြည့်တတ်တယ်
အော်စလိုမြို့ကလာတဲ့ သတင်းတွေကို
အမြဲ နားထောင်တယ်။

mgyoe.com

သူဟာ
ဝါယာကြိုးတွေထဲက
ရှုပ်ထွေးတဲ့ အသံဗလံတွေကို နားစိုက်ခဲ့တယ်
လက်ဖက်ရည်ခွက်ထဲက ခံစားမှုတွေကို
တစ်မုဟုတ်ချင်း မော့သောက်ခဲ့တယ်
ဂိုင်းစိုင်းဖဲ့အာရက်ဖြူကို
ရံဖန်ရံခါ သောက်ပြီး
ထင့်ထင့်ကျေးကျေး ရှိနေခဲ့တယ်။



mgyoe.com
mgyoe.com

သူ့အခန်းရဲ့ ခေါင်းရင်းဘက်နံရံမှာ
ပန်းချီမုတ်သုံ ဆွဲပေးထားတဲ့
သူ့ ပုံတူပန်းချီကား ရှိတယ်။
မြက်ခင်းပေါ်ထိုင်ပြီး လူ့ဘဝကို ရယ်မောနေတဲ့
မွန်ရိုးရှိတယ်။
လက်ဝဲဘက်နံရံမှာတော့
မြို့လယ်ကောင် လမ်းပေါ်မှာ
စီးကရက်ခဲနေတဲ့ ဂျိမ်းစ်ဒင်းရှိတယ်။

သူဟာ
ကုန်းဆင်း ကုန်းတက်တွေနဲ့
တောအုပ်ဆန်ဆန်
မြို့အနောက်ဘက်ကျတဲ့ ရပ်ကွက်လေးထဲမှာ
သူ့အသက်ရှူမှုနဲ့သူ နေတယ်။

mgyoe.com

mgyoe.com

သူဟာ
ဂျနီဖာလိုပက်ဇ်ရဲ့
ဆူဖြိုးတဲ့အလှကို စိတ်ဝင်စားတယ်
ဘရာဇီးဘောလုံးအသင်းရဲ့ တိုက်စစ်ကို
သဘောကျတယ်
ဂျေဒီဆလင်းဂျားရဲ့
'ဂျုံခင်းထဲမှာ လိုက်ဖမ်းသူ' ကို စွဲလမ်းတယ်။

သူဟာ
ရှမ်းပြည်နယ်မြောက်ပိုင်း
တောထဲတောင်ထဲက 'အုမ်းမစွမ်' ရွာလေးမှာ
မူလတန်းပြ ကျောင်းဆရာလေး လုပ်ခဲ့ဖူးတယ်
အဲဒီမှာ
'အဝေးရောက်ရဲ့ဆောင်း' နေ့တွေကို ဖြတ်ခဲ့တယ်
နက္ခတ်စုံမယ့်ညကို စောင့်ကြည့်ခဲ့တယ်
'ခတ္တာပွင့်ရာ' ဆိုတဲ့ အက်ဆေးဟာ
သူ့ဘဝ သူ့ဇာတ်ကြောင်းတွေပါပဲ။

mgyoe.com

mgyoe.com

သူဟာ
မိရိုးဖလာ စိတ်ကူးစိတ်သန်းတွေထဲက
ခွဲထွက်နေခဲ့သူပေါ့။
လှေလှော်ရင်း တက်ကျိုးခဲ့တဲ့
ငွေစိန့်အကြောင်း သူသိတယ်
ခင်ဝမ်းရဲ့ 'အမေ' သူသိတယ်
အသက်ရှင်ခြင်းရဲ့ လေးပင်မှုကို သူသိတယ်။
သိတယ်
ဆေးလိပ်သောက်ခြင်းရဲ့ ဆိုးကျိုး သူသိတယ်
ကွန်းကော့ဒ်လေယာဉ်တွေ
ဖျက်သိမ်းလိုက်ပြီဆိုတာ
သူသိတယ်
ဒဗ္ဗလင်မြို့ကို သိတယ်
ကန္တာရ ပန်းကလေးအကြောင်း သူသိတယ်။
သိတယ်
'ဟင်းဒရစ်က်ရဲ့
လာကောပြီယကို သွားရာလမ်း'
သိတယ်
'ဒတ်ဂလာ့စ်ဒန်းရဲ့ တယ်ရီလမ်းက လူတွေ'
သိတယ်
'မောင်ချောနွယ်ရဲ့ ပန်းခြံလမ်း'။

mgyoe.com

mgyoe.com

သူဟာ
ဝါယာကြိုးတွေထဲက
ရှုပ်ထွေးတဲ့ အသံဗလံတွေကို နားစိုက်ခဲ့တယ်
လက်ဖက်ရည်ခွက်ထဲက ခံစားမှုတွေကို
တစ်မုဟုတ်ချင်း မော့သောက်ခဲ့တယ်
ရိုင်းစိုင်းတဲ့အရက်ဖြူကို
ရှံ့ဖန်ရံခါ သောက်ပြီး
ယဉ်ယဉ်ကျေးကျေး ရီဝေခဲ့တယ်။
သူ့ဘဝမှာ
လျှာထိုးဦးထုပ် တစ်လုံးဟာလည်း
အရေးပါခဲ့တယ်။
မန္တလေးမြို့ကြီးမှာ အငွေ့ပျံခဲ့တဲ့
သူ့ ချွေးသီးချွေးပေါက်တွေဟာလည်း
အရေးပါခဲ့တယ်။
ရုပ်ရှင်ဆန်ဆန်
တက္ကသိုလ်ကျောင်းသားဘဝက
အချစ်ရေးဟာလည်း အရေးပါခဲ့တယ်။
(အထိနာခဲ့ရ သူ့ငယ်ဘဝတွေပေါ့။)

mgyoe.com

သူဟာ
လပေါ် လူရောက်ပြီး နှစ်ပေါင်း ၂၀ အကြာက
မိုးရွာတဲ့နေ့တွေကို သတိရနေတတ်တယ်
'ရွှေလီ' ဆိုတဲ့ ကဗျာတစ်ပုဒ်အကြောင်းကို
ပြောပြနေတတ်တယ်
ကရင်တိုင်းရင်းသူလေး နော်လယ်ထူးရဲ့
ပြင်းရှတဲ့ သီချင်းသံကိုလည်း
လွမ်းဆွတ်မှုနဲ့ နားဆင်နေတတ်တယ်။
သူ့စိတ်ထဲ အလိုမကျတဲ့ နေ့တွေမှာတော့
သူ့အခန်းထဲက မျက်နှာကြက်ကို
တိတ်တဆိတ် ငေးရီစိုက်ကြည့်နေတတ်ရဲ့။

mgyoe.com